သူရိန်စာပေ

# သူရိန်ထွန်း

စီစဉ်သော


## တစ်ရာတန်ရွှေတစ်ဆုပ်

အပါအဝင်

အကျဉ်းထောင်သုတ၊ရသဝတ္ထုတိုများ



ဖြောင်းဖြူတောင်ကို၊ အငြိမ်းစားထောင်အရာရှိတစ်ဦး၊ မင်းသူရိန်၊ ထောင်မှူးကြီးသိန်းဝင်း
မိုးဝေ၊ ပီတာမြဦး၊ ဇေယျမင်းသျှင်၊ စိုးတြအောင်၊ ထောင်မှူးမမ



# တစ်ရာတန်ရွှေတစ်ဆုပ်

## (၁)

"ဟော့ ... ရွှေတစ်ဆုပ်၊ ထမင်းစားပြီးပလား"

"ဟာ ... ဆရာကလည်း ရွှေတစ်ဆုပ်ရယ်လို့ ကြံကြံဖန်ဖန်"

"ကြံကြံဖန်ဖန် ကျုပ်ခေါ်တာ မဟုတ်ပါဘူး။ ဟိုဘက် အိမ်ထောင်မှူးက ခေါ်တာကို လိုက်ခေါ်တာဗျ ... ဟဲ ...ဟဲ"

ရွှေတစ်ဆုပ်သည် ရွှေမောင်အား မျက်လုံးအိမ် အပေါ်ကပ်ပြီး ပြုံးပြုံးလေး ကြည့်ပစ်လိုက်သည် ။ ရွှေတစ်ဆုပ်၏ အကြည့်မျိုးသည် တန်ခိုးအာနိသင် ထူးလှ၏။ သူမ၏ ထူးဆန်းသော အကြည့်ကြောင့် ရွှေမောင်၏ နှလုံးသားသည် ဖြုန်းစားကြီး အဆွဲခံရသလို ဘောင်ဘင်ခတ် သွားလေသည် ။ အတော်ဆန်းကြယ်၍ နောက်ကွယ်တွင် အဓိပ္ပာယ်အပြည့်ရှိသော အကြည့်မျိုး ပေတည်း။

ရွှေတစ်ဆုပ်၏ အမည်ရင်းမှာ မငွေရှင်ဖြစ်သည် ။ မငွေရှင်၏ ယောကျ်ား သူကောင်းသားမှာ ကုလားလေးခေါ် ကိုလူမော် ဖြစ်၏။

ကုလားလေး၊ မငွေရှင်နှင့် ထောင်မှူးရွှေမောင်တို့ ကြုံရဆုံရသည်မှာ ဂျပန်အပြေး အင်္ဂလိပ် အဝင်တွင် ဖြစ်၏။ ၁၉၄၅ ခုနှစ်က ဖြစ်လေသည် ။

ဂျပန်အပြေးတွင် အုပ်ချုပ်ရေးပျက်သွား၍ မြောင်းမြဗဟိုထောင်ကြီး

မှ အကျဉ်းသား တစ်ထောင်မျှကို ၁၉၄၅ ခုနှစ်၊ မေလ (၂) ရက်နေ့တွင် ထောင်မှ လွှတ်လိုက်ရလေသည် ။

အကျဉ်းသားများကို ထောင်မှ လွှတ်လိုက်ပြီးနောက် ထောင်မှူး ထောင်ပိုင်များ အလုပ်မရှိ ကြတော့ပေ။ သို့ရာတွင် အင်္ဂလိပ်လုပ် လက် ဟောင်းအမျိုးအစားမှန်သည့် ထောင်မှူးရွှေမောင်သည် ထောင်မှ ထွက် မသွားပေ။ ဂျပန်လုပ် လက်သစ်ထောင်မှူးများ သာ ထောင်မှ ထွက်ခွာ သွားကြလေသည် ။

ရွှေမောင်သည် သူ၏ အရှင်ဟောင်း သခင်ဟောင်း အင်္ဂလိပ် ကိုလူ လည် ပြန်လာက ထောင်မှူးအလုပ်ကို ကျိန်းသေပေါက်ရမည်ဟု တွေး ထားသူဖြစ်၍ ထောင်မှ ထွက်သွားခြင်း မပြုခြင်းဖြစ်လေသည် ။ ရွှေ မောင်သည် စောင့်လက်စနှင့် ထောင်၏ လက်နက်တိုက်နှင့် ထောင်နွား များကို သုံးလမျှ စောင့်ထိန်းထားမှ ကိုရွှေ အင်္ဂလိပ်အစိုးရ ရောက်လာ တော့သည် ။

ရွှေမောင်သည် မျှော်လင့်ခဲ့သလို ဖြောင့်ဖြောင့်တန်းတန်း သူ၏ ထောင်မှူးအလုပ်ကို ရသွား လေသည် ။ ရွှေမောင်နည်းတူ ထောင်မှူးလူ ဟောင်းတိုင်း အလုပ်ရရှိကြ၏။

ဗဟိုထောင်ကြီးတစ်ထောင်တွင် ထောင်မှူးများ ခန့်ထားသည် မှာ လိုသည် ထက်ပင် ပိုသွား လေပြီ။ ခက်သည် က အကျဉ်းသားမရှိ၊ ထော င်ဝါဒါမရှိ။

ရာထူးရှိ၍ အလုပ်မရှိသော ထောင်မှူးများ ၏ အလုပ်မှာ ပိုကာဒေါ င်းခြင်းဖြင့် ပင်ပင်ပန်းပန်း အလုပ်ပြထားကြရလေသည် ။

ထောင်ဖွင့်လျှင် အကျဉ်းသားလာတော့မည်ကို တပ်အပ်သေချာ ကြို တင်သိထားသော ထောင်ပိုင်ပညာရှိသည် အုပ်ချုပ်ရေးတွင် အရေးကြီး

သော ဝါဒါများ လိုနေသည် ကို ခန့်ထားရန် ကြေညာလိုက်ရာ အုန်းအုန်း ကျွက်ကျွက် ရောက်လာကြလေ၏။

လိုအပ်သော ဝါဒါပေါင်းမှာ ငါးဆယ်သာဖြစ်သည် ။ လာရောက်လျှောက်ထားသူမှာ နှစ်ရာ ကျော်၏။ သို့နှင့် ထောင်ပိုင်ကြီးသည် နှစ်ရာကျော်ဝါဒါလောင်းတို့ အား တန်းပြီး စစ်ဆေးတော့သည် ။

စစ်ဆေးခြင်းမှာ အပြစ်ရှာခြင်း ဖြစ်၏။

"ဟေ့ကောင်...မင်း သွားချေးထူတယ်။ ဒီအကောင် မျက်စိအစောင်းပါလား။ ဒီအကောင် ပေမမီဘူးကွာ။ ဟာ ... ဒီအကောင် ချေးလက်လေးသစ်နဲ့ ပါလား။ ဒီအကောင်တော့ မဖြစ်ဘူးဟေ့ နံပိန်လေး"

စသည် ဖြင့် လက်တန်းစစ်ဖြစ်ရာ ဝါဒါလောင်းတစ်ရာမျှ ပြုတ်ထွက်သွားလေသည် ။

ပြုတ်ထွက်သွားသူများ သည် မကျေမနပ် ပြန်သွားကြ၏။ တချို့က ထွက်သွားရင်း ...

"မအေပေး .. ဗိုက်ရွဲကြီး။ သူ့ကျတော့ လှနေလိုက်တာ"

ဟု ထောင်ပိုင်ကို တိုးတိုးရေရွတ်သွားကြ၏။

ကျန်ရစ်ခဲ့သူ ဝါဒါလောင်းတစ်ရာမှာ လည်း စိတ်မချရသေး။ မနက်ဖြန် ဆက်ရွေးမည်ဆို၍ ရလိုရငြား ဆိုင်ရာဆိုင်ရာ ထောင်မှူးများကို ကပ်ကြရှာလေသည် ။

ထိုကဲ့သို့ ကပ်သူများ အနက် ရွှေမောင်ထောင်မှူးထံ စီးကရက်ဘူး လက်ဆောင်ပေး၍ ကပ်ကြ သူများ ထဲက ဂျပန်ခေတ် ဝါဒါဟောင်း ရွှေမောင် မတွေ့ဖူး မမြင်ဖူးသောသူတစ်ဦး ပါ လာလေသည် ။ ထိုသူမှာ ကုလားလေးဆိုသူပင် ဖြစ်သည် ။

ရွှေမောင်၏ တပည့်ဟောင်းတစ်ဦးက ကုလားလေးကိုပါ ထောင်ဝါဒါဖြစ်အောင် လုပ်ပေးရန် ပြောနေလေသည် ။ ကုလားလေးမှာ ရွှေမောင်နှင့် အကျွမ်းဝင်သူမဟုတ်၍ ကြောက်ကြောက် မျက်နှာငယ်နှင့်ထိုင်နေရှာ၏။ ကုလားလေးသာမဟုတ်၊ ကုလားလေးနောက်မှ လည်း မိန်းမပုပု တစ်ယောက် ကုပ်ကုပ်ကလေး ထိုင်နေသည် ကို မြင်ရလေသည် ။

ဝါဒါအလုပ်လိုချင်၍ ရွှေမောင်အား လာပြီး အပူကပ်သူများကို ရွှေမောင်က မျက်စိတစ်ချက် ဝေ့၍ စစ်ဆေးကြည့်လိုက်၏။ လေးဦးသောသူမှာ ကိုယ်လက်တောင့်တင်း၍ စံချိန်မီဖြစ်ကြလေသည် ။ တစ်ဦးသောသူမှာ အရပ်အမောင်းတော့ ရှိပါ၏။ သို့ရာတွင် နံပိန်ဖြစ်နေသဖြင့် ထောင်ပိုင်ကြီး ကြိုက်မှ ကြိုက်ပါ့မလားဟု သံသယဖြစ်သွားလေသည် ။ ထိုသူမှာ လူသစ်တစ်ဦးဖြစ်သူ ကုလားလေးပင် ဖြစ်တော့သည် ။

"ဟော့… မင်း ဝါဒါလုပ်လို့ ဖြစ်ပါ့မလား။ မင်းကို အကျဉ်းသားက ကောက်လွှင့် ပစ်ရင် ခါးနှစ်ပိုင်း ကျိုးနေပါဦးမယ်"

ရွှေမောင်က ဤကဲ့သို့ ပြောလိုက်ရာ တုတ်တုတ်ခိုင်ခိုင်ဝါဒါများ တဟားဟားရယ်ကြသကဲ့သို့ ကာယကံရှင် ဦးကုလားလေးကလည်း တဟဲဟဲ လုပ်နေရှာ၏။

"ဟာ … ဖြစ်ပါတယ် ဆရာ။ ဒီလို ခါးမပိန်နိုင်လို့ ခက်နေကြတာ 'ကျွဲမှာ ချိုလိမ် လူမှာ နံပိန်' ဆို မဟုတ်လား။ မယုံရင် မငွေရှင် မေးကြည့်"

ရွှေမောင်၏ တပည့်တစ်ဦးက ဝင်ပြောလိုက်ရာ အားလုံး တဟားဟား ဖြစ်နေကြလေသည် ။

ကုလားလေး၏ ဇနီး မငွေရှင်သည် ရှက်ဟန်ဖြင့် ပြောသည့်လူကို တစ်ချက်လှမ်းထုလိုက်၏။

"ကျွန်တော် အတတ်နိုင်ဆုံး ကြိုးစားပါမယ် ဆရာ။ ကျွန်တော့်ကို ခိုင်းကြည့်ပါဦးခင်ဗျာ"

ကုလားလေးက ဝင်ရောက်အသနားခံလေသည် ။

"ကျွန်မကိုလည်း ခိုင်းချင်တာရှိ ခေါ်ခိုင်းပါဆရာ"

မငွေရှင်က သူမ၏ ယောက်ျား အလုပ်လုပ်ရရန်အတွက် အသနားခံပြန်လေသည် ။ မငွေရှင်သည် အတော်ကြီး သွက်ပုံရသည် ။

ထောင်ပိုင်ကြီးနှင့် ရွှေမောင်မှာ အလွန်ခင်မင်သော တပည့်ဆရာဖြစ်ကြ၏။ ဂျပန်ခေတ် တစ်ခေတ်လုံးလိုလို ရွှေမောင်သည် ထောင်ပိုင်ကြီး၏ အိမ်တွင် အတူတူနေထိုင်ခဲ့ရာ ထောင်ပိုင်ကြီးသည် ရွှေမောင်အား သားသမီးပမာ ခင်မင်နေ၏။ သို့ဖြစ်၍ ရွှေမောင်သည် မည်သည့်ကိစ္စကို မဆို ထောင်ပိုင်ကြီးအား ပြောရဲဆိုရဲရှိသည် မက ရွှေမောင်၏ သဘောကိုလည်း သိထားလေရာ ထောင်ပိုင်မှာ ရွှေမောင်ပြောသမျှ လိုက်လျောခဲ့သည် က များ လေသည် ။

ဂျပန်အပြေး အင်္ဂလိပ်အဝင်တွင် အင်္ဂလိပ်အစိုးရက ဂျပန်ငွေကို တရားမဝင်၊ မသုံးရဟု ပိတ်ပင်ခဲ့ရာ တစ်တိုင်းပြည်လုံး ဒုက္ခရောက်ကုန်ကြလေသည် ။ တစ်တိုင်းပြည်လုံးတွင် ငွေမရှိ သော်လည်း ရွှေရှိသူများမှာ ဆင်ပိန်ကျွဲလောက်ဆိုသကဲ့သို့ ခံနိုင်ရည်ရှိကြသေး၏။

ဂျပန်ငွေကလေး တစ်ပြားတစ်ချပ်နှင့် လှည့်ကာပြန်ကာ အခုရ အခုစားသမားတို့ မှာ ချွတ်ခြုံကျ၍ ဖွတ်ကျောပြာစု ဖြစ်ကုန်ကြလေသည် ။ သို့နှင့် တစ်တိုင်းပြည်လုံး ဒုက္ခတွေ့နေ ကြသောအချိန် ဖြစ်နေ၏။

အထူးသဖြင့် မြောင်းမြမြို့နယ်တွင် ကရင်ဗမာ အဓိကရုဏ်းကို

အကြောင်းပြု၍ တောနေလူထုတို့ မြို့ကို အိုးပစ်အိမ်ပစ် ပြေးလာကြပြီး ဖြစ်သလို လုပ်စားနေကြရာ အင်္ဂလိပ်အစိုးရက ဂျပန်ငွေ တရားမဝင် တော့ဟု ကြေညာလိုက်သောအခါ ကုလားလေး မငွေရှင်တို့လို လက်လုပ်လက်စားခများ များမှာ အထူးဒုက္ခရောက်ကုန်ကြလေသည် ။ သို့နှင့်လည်း ကုလားလေး ငွေရှင်တို့ သည် တစ်လတွင် အသပြာနှစ်ဆယ်ရမည့် ထောင်ဝါဒါအလုပ်ကို ရွှေမောင်ထံ ပြားပြားဝပ် ရှိခိုးတောင်းခံနေကြခြင်း ဖြစ်လေသည် ။

နောက်တစ်နေ့ ရွှေမောင်လက်ထဲ၌ အလုပ်လုပ်နေစဉ် ထောင်ပိုင် ခေါ်သည် ဆို၍ ထလိုက် သွားရသည် ။ ထောင်ပိုင်ကြီးက ထောင်ဝါဒါ လျှောက်သူအလွန်များ နေ၍ အလုပ်ကိုတကယ် ကျိုးကျိုးနွံနွံ လုပ်သူများကို ရွေးထုတ်မည်ဖြစ်ကြောင်း၊ ရွေးထုတ်စစ်ဆေးရန် ထောင်ပိုင်ကြီး ကြံဆထားပုံမှာ ထောင်ရှေ့နှင့် ထောင်တွင်းရှိ လူတစ်ရပ်မျှမြင့်သည့် မြက်တောကြီးကို ရှင်းလင်းစေမည်ဖြစ်ကြောင်း၊ ဤနေရာတွင် အလုပ်ကို လက်ကြောတင်းအောင် မလုပ်ချင်သူ၊ အဆင်းရဲမခံချင်သူများ ထွက်ပြေးကြမည်ဖြစ်ကြောင်း ပြောပြပြီး ရွှေမောင်အား လိုအပ်သော တံစဉ်၊ ပေါက်တူးများ ဂျပန်ခေတ်ကသုံးသည့် ထောင်သုံး အဟောင်းအမြင်းများကို စုဆောင်းပြီး အရန်သင့်ထားရန် ညွှန်ကြားလေ၏။

ရွှေမောင်သည် သူ၏ တပည့်ကျော် သူ့ထံ ကပ်ရပ်စားသူများ အတွက် ဟန်ကျပြီဟု တွေးလိုက်သည် ။ သူ၏ တပည့်များ အလုပ်ရရန် ထောင်ပိုင်ကြီးအား အထူးအထွေ မျက်နှာငယ်ခံစရာမလိုတော့။

သူ့တပည့်များအား ...

“ဒီလိုက ဒီလိုဟေ့ ... ထောင်ပိုင်ကြီးလာတာမြင်ရင် တအားတအား

သာ တွယ်ကြပေတော့”

ဟု အကြံပေးရန်တွေးပြီး ထောင်ပိုင်ကြီး ညွှန်ကြားသည့်အတိုင်း လိုအပ်သောပစ္စည်းများကို စုဆောင်းနေတော့သည် ။

ထောင်ပိုင်ကြီးသည် ဝါဒါအလုပ် လိုချင်သူများကား ရွှေစကြာဖြန့်ချိ၍ ကြည့်ရှုတော်မူလေသည် ။ နောင်တော်ပါးက ဖဝါးထက်ကြပ်ခစားပြီးလိုက်လာသော ရွှေမောင်သည် ထောင်ပိုင်ကြီး၏ နောက်မှ နေ၍ တပည့်ကျော်များကို လက်ဖြင့်အချက်ပြလိုက်၏။ တပည့်ကျော်များအား ထောင်ပိုင်မလာမီ အသင့်အတင့်မျှ ဟန်ရေးပြ၍ ဘယ်အချိန်တွင် ထောင်ပိုင်လာကြည့်မည်ဟု ပြောထားခဲ့ရာ ရွှေမောင်၏ တပည့်ပီပီ လူကြီးလာခါနီးမှ ကြိုးစားပမ်းစား လုပ်နေသည် ကို တွေ့ရလေသည် ။

ထောင်ပိုင်ကြီး၏ စစ်ဆေးချက်ကို မခံနိုင်သူတို့ သည် အပင်ပန်းမခံဘဲ ပြန်ကြကုန်၏။ အလွန်အမင်း လုပ်ချင်သူများ သာ မြက်များကို ချွေးတလုံးလုံးနှင့် ခုတ်နေကြသည် ။ ထောင်ပိုင်ကြီး၏ အကြံသည် မဆိုးပါပေ။ အပင်ပန်းမခံလိုဘဲ ရလိုရငြား လက်တည့်စမ်းသော ဆရာများ မရှိတော့ဘဲ တကယ်လုပ်လိုသော လူမျှသာရှိတော့သည် ။

“ဟာ ... အတော်ပဲ ဦးရွှေမောင်၊ ကျုပ်တို့လိုတဲ့ အရေအတွက်သာ ကျန်တော့တယ်။ ဒီအကောင်တွေ အားလုံးခန့်ဗျာ၊ ကဲ .. ကျုပ်လုပ်တာ မဟုတ်ဘူးလား”

ထောင်ပိုင်ကြီးက အားရဝမ်းသာ ပြောလိုက်၏။

“အတော်ကောင်းတဲ့ စစ်ဆေးနည်းပါပဲခင်ဗျာ”

ရွှေမောင်က သူ၏ တပည့်များ အလုပ်ရတော့မည်ဟု ဝမ်းသာအယ်လဲနှင့် ထောင်ပိုင်ကြီးအား ထောက်ခံစကားကို ဆို၏။

ထောင်ပိုင်ကြီးသည် ဝါဒါလောင်းများကို တစ်ဖန်ကြည့်ရှုပြီး အလန့်တကြားအော်လိုက်သည် ကို ကြားရပြန်သည် ။

"ဟော ... ယောက်ျားတွေကြားထဲ မိန်းမတစ်ယောက်က ဘယ်လိုတုံးဟ။ သူကလည်း ဝါဒါလုပ်ချင်လို့ လား .... ဟား...ဟား"

ထောင်ပိုင်ကြီးမှာ မမျှော်လင့်ဘဲ မိန်းမတစ်ဦး တကုန်းကုန်းနှင့် မြက်ခုတ်နေသည် ကိုမြင်၍ ဟားတိုက်ပြီး ရယ်နေတော့သည် ။

ထောင်မှူးရွှေမောင်သည် မဆွမီကပင် မိန်းမတစ်ဦးရှိနေမည်ကို သိထားလေသည် ။ အကြောင်းမှာ ကုလားလေးနံ့ပိန်ကို ထောင်ပိုင်ကြီးက ပယ်ချင်ပယ်လေမည်။ သို့ဖြစ်ရာ ထောင်ပိုင်ကြီး သနားအောင် မငွေရှင်လက်တစ်ဆုပ်ဂျပုမလေးကို သူ့ယောက်ျားနှင့် ဝင်ခုတ်နေရန် ပြောထားခဲ့သည် မက ထောင်ပိုင်ကြီးမေးက ဆင်းရဲသည့်အကြောင်း လျှောက်ထားရန် ရွှေမောင်က ညဦးပိုင်းကပင် အကြံပေးထားခဲ့ခြင်း ဖြစ်၏။

သို့ရာတွင် ထောင်ပိုင်ကြီးက ...

"မိန်းမတစ်ယောက်လည်း ပါနေပါလား"

ဟု မေးသောအခါ ရွှေမောင်က မသိချင်ယောင်ဆောင်နေလေသည် ။

"ဟုတ်ကဲ့ .. .ခင်ဗျာ၊ ဒါ အတော်ထူးတယ်။ ခေါ်မေးရ မကောင်းပါလား"

ရွှေမောင်က သူ့အကြံအတိုင်း ကိုယ့်ဖဲကိုယ် ကုလားဖန် ထိုးပြန်သည် ။

"ခေါ်စမ်း .. ခေါ်စမ်း ...မေးရအောင်"

ရွှေမောင်သည် ဂျပုမလေးအား လက်ယပ်ခေါ်လိုက်ပြီး ထောင်ပိုင်ကြီးရှေ့ မေးခွန်းထုတ်တော့ သည် ။

“ခင်ဗျား ဘာလာလုပ်တာလဲ။ ဒါ ယောက်ျားဝါဒါအလုပ်အတွက် စာ မေးပွဲဗျ။ မိန်းမဝါဒါ အတွက် မဟုတ်ဘူး ”

ရွှေမောင်က ခပ်တည်တည်လုပ်၏။

“ဟုတ်ပါတယ်ရှင် … ကျွန်မယောက်ျားဝါဒါလျှောက်ထားလို့ ကူလုပ် နေတာပါ”

မငွေရှင်က ဆရာဦးရွှေမောင် ပညာရှိအကြံပေးထားသည့်အတိုင်း ညှိုးငယ်စွာဆို၏။

“ဟေ … ဒီလိုလား၊ ငါက နင် အကျဉ်းသားကိုထိန်းဖို့ လာလျှောက် သလားလို့ ။ ဘယ်မလဲ နင့်ယောက်ျားခေါ်စမ်း”

ထောင်ပိုင်ကြီး အတော်စိတ်ဝင်စားသွားပေပြီ။

ကုလားလေး ခါးနွဲ့လေး ရောက် လာလေသည် ။ ထောင်ပိုင်ကြီးသ ည် ရွှေမောင်ထင်သည့် အတိုင်း ကုလားလေးကို နှစ်ခြိုက်ပုံမရ။

“ဟာ…ဒီနံပိန် ဘယ်ဖြစ်မလဲ”

ထောင်ပိုင်ကြီးက ပြောလိုက်သောအခါ မငွေရှင်က သွက်လက်စွာ လက်စုံမိုး၍ လျှောက်ထား လိုက်လေသည် ။

“ကျွန်မတို့ အလွန်ဆင်းရဲပါတယ် …သခင်ကြီး။ သူ နံပိန်ပေမဲ့ သိပ် လုပ်နိုင်ပါတယ်။ သနားပါ သခင်ကြီး”

“ဟေ .. ဒီလိုလား၊ အင်း … အင်း … ကောင်းပြီ … ကျုပ်စဉ်းစားမယ် ”

ထောင်ပိုင်နှင့် ရွှေမောင်တို့ ထွက်လာခဲ့ကြသည် ။ ထောင်ပိုင်ကြီးသည် လမ်းတစ်ဝက်တွင် တခိခိရယ်ပြီး ...

"နံပိန်ပေမယ့် သိပ်လုပ်နိုင်တယ်ဆိုပဲ ... ဟုတ်မယ် .. ဟုတ်မယ်။ ကောင်မလေးကလည်း လက်တစ်ဆုပ်၊ အင်း .. သူလည်း သိပ်ဆိုးမယ် မဟုတ်ဘူး ။ ပုစွန်ဆိတ်ကလေး ငယ်သာငယ် ပင်လယ်ကိုတော့ ကူးနိုင်တယ်ဆိုတာများ လား မသိဘူး"

ဟု သွားရင်း ရေရွတ်သွားရာ ရွှေမောင်လည်း တခိခိရယ်ရင်း နောက်မှ လိုက်နေလေ သတည်း။

*